## အသင်းတော်အသက်တာကို ပြန်လည်ရယူခြင်းအတွက် အဓိကကျသော အကြောင်းရင်းများ

(Saturday—Evening Session)

Message Six

# အသက်၌ ကျွန်ုပ်တို့ကြီးထွားခြင်းနှင့် အစေခံခြင်း၌ ကျွန်ုပ်တို့အသုံးဝင်မှုအတွက် ကျွန်ုပ်တို့၏ ဇာတိဆိုင်ရာ ပင်ကိုစိတ်ကို ဆက်ဆံဖြေရှင်းရခြင်း အကြောင်းရင်း

ဖတ်ရန်ကျမ်း။ ။ မ၁၆း၂၂-၂၆။ ဂလ၂း၂၀။ ၂ကော၁း၈-၉။ ၂း၁၅။ ၃း၃-၆။ ၄း၅။ ၅း၂၀။ ဧ၆း၂၀

**I. ကျွန်ုပ်တို့သည် အသက်၌ ကျွန်ုပ်တို့ကြီးထွားခြင်းနှင့် အစေခံခြင်း၌ ကျွန်ုပ်တို့အသုံးဝင်မှုအတွက် ကျွန်ုပ်တို့၏ ဇာတိဆိုင်ရာပင်ကိုစိတ်ကို ဆက်ဆံဖြေရှင်းရမည်။**

A. ကျွန်ုပ်တို့၏ဇာတိဆိုင်ရာ ပင်ကိုစိတ်မှာ ကျွန်ုပ်တို့၏ မွေးရာပါ ပင်ကိုသဘောကို ရည်ညွှန်းပြီး၊ ကျွန်ုပ်တို့၏အကျင့်စာရိတ္တမှာ ဇာတိဆိုင်ရာပင်ကိုစိတ်မှ အပြင်ပိုင်းထင်ရှားခြင်းကို ရည်ညွှန်းသည်။ ဇာတိဆိုင်ရာပင်ကိုစိတ်သည် အတွင်းပိုင်း ကျွန်ုပ်တို့ဖြစ်သောအရာဖြစ်ပြီး၊ အကျင့်စာရိတ္တသည် အပြင်ပိုင်း ကျွန်ုပ်တို့ထင်ရှားသည့်အရာဖြစ်သည်။

B. အတွင်းပိုင်း ဇာတိဆိုင်ရာပင်ကိုစိတ်နှင့် အပြင်ပိုင်း အကျင့်စာရိတ္တသည် ကျွန်ုပ်တို့ဖြစ်ခြင်း၏ အဆီအနှစ်၊ အနှစ်သာရဖြစ်သည်။ အတွင်းပိုင်းရှိ အတ္တသည် ကျွန်ုပ်တို့၏ဇာတိဆိုင်ရာပင်ကိုစိတ်ဖြစ်ပြီး၊ ထင်ရှားလာသည့်အတ္တသည် ကျွန်ုပ်တို့၏အကျင့်စာရိတ္တဖြစ်သည်။

C. ခရစ်ယာန်အသက်တာနှင့် အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့၏အသုံးဝင်မှုကို အဖျက်ဆီးဆုံးသောအရာမှာ ကျွန်ုပ်တို့၏ ဇာတိဆိုင်ရာပင်ကိုစိတ်အတိုင်း အသက်ရှင်ခြင်းပင်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့ ဘုရားဆိုင်ရာအသက်၌ ကြီးထွားခြင်း၏ ရန်သူအစစ်ဖြစ်ပြီး၊ သခင်ဘုရား၏လက်တော်၌ ကျွန်ုပ်တို့၏ အသုံးဝင်မှုကို ပျက်စီးစေသည့် အဓိကအကြောင်းရင်းခံဖြစ်သည်။

D. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပင်ကိုသဘော၊ ပင်ကိုစိတ်ရှိ "အဖုအထစ်"ကို ဂရုစိုက်ရန် သင်ယူရမည်။ ဤ"အဖုအထစ်"ကို ဆက်ဆံဖြေရှင်းမည်ဆိုလျှင် အသက်၌ ကျွန်ုပ်တို့ကြီးထွားမှုတွင် မည်သည့်အတားအဆီးမျှ မရှိဘဲ ကျွန်ုပ်တို့လျင်မြန်စွာ ကြီးထွားလိမ့်မည်ဖြစ်ပြီး၊ သခင်ဘုရားထံ ပို၍အသုံးဝင်လာမည်ဖြစ်သည်။

E. ပင်ကိုစိတ်သည် မဿဲ ၁၆း၂၃-၂၆ တွင် အသုံးပြုထားသည့် ဝေါဟာရများ - *အသိဉာဏ်၊ ကိုယ်ကိုယ်ကိုယ်*နှင့် *စိတ်အသက်* တို့၌ ရည်ညွှန်းထားသည်။ ပင်ကိုစိတ်သည် ဤဒြပ်သဘာဝများအားလုံး ပါဝင်သည်။ အမှန်မှာ ကျွန်ုပ်တို့၏ပင်ကိုစိတ်သည် ကျွန်ုပ်တို့၏အတ္တပင်ဖြစ်သည်ဟု ပြောနိုင်ပါသည်။

F. ကျွန်ုပ်တို့၏ဇာတိဆိုင်ရာပင်ကိုစိတ်နှင့် ဆက်ဆံဖြေရှင်းခြင်းမှာ ကျွန်ုပ်တို့၏အတ္တ၊ စိတ်အသက် (အငယ်၂၂-၂၆)၊ ကျွန်ုပ်တို့၏လူဟောင်း (ရော၆း၆) နှင့် "ငါ" (ဂလ၂း၂၀) ကို ဆက်ဆံဖြေရှင်းခြင်းအား ဆိုလိုခြင်းဖြစ်သည်။ သခင်ဘုရားထံသို့ သင်မည်သို့ အသုံးဝင်လာမည် သို့မဟုတ် အသင်းတော်သို့ သင်သည် မည်မျှ ဒုက္ခပေးမည် ဟူသည်မှာ သင်၏ဇာတိဆိုင်ရာပင်ကိုစိတ် မည်မျှ သေစေခံရခြင်းအပေါ်တွင် မူတည်နေပါသည်။ ကျွန်ုပ်တို့၏ ဇာတိဆိုင်ရာပင်ကိုစိတ်နှင့် ဆက်ဆံဖြေရှင်းရန် နည်းလမ်းမှာ ကျွန်ုပ်တို့သည် ကားတိုင်၌အသေခံရပြီးသောပုဂ္ဂိုလ်များဖြစ်ကြောင်း သိနားလည်ကာ အမှတ်ရနေပြီး၊ တစ်နေ့တာလုံး ထိုသိနားလည်ခြင်းနှင့် စစ်မှန်ခြင်းအောက်တွင် တည်မြဲနေရမည်ဖြစ်သည် (အငယ်၂၀။ ၅း၂၄-၂၅။ ရော၆း၆။ ၈း၁၃ခ)။

G. ကျွန်ုပ်တို့၏ ဇာတိဆိုင်ရာပင်ကိုစိတ်သည် ကျွန်ုပ်တို့၏အတ္တဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၌ရှိကာ၊ ၎င်းသည် ကျွန်ုပ်တို့ဖြစ်သည်။ လက်တွေ့ကျကျဆိုရလျှင် အတ္တကို ငြင်းပယ်ခြင်းမှာ ကျွန်ုပ်တို့၏ဇာတိဆိုင်ရာပင်ကိုစိတ်ကို ငြင်းပယ်ခြင်းပင်ဖြစ်သည်။ ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အတ္တကို ငြင်းပယ်ရန် ဝိညာဉ်ကို စဉ်ဆက်မပြတ် လေ့ကျင့်ခြင်းအားဖြင့် ခရစ်တော်ကို အသက်ရှင်ရမည်၊ အခြားသောအသက် တည်းဟူသော အသက်ပင်အားဖြင့် ပုံဆောင်သည့် အသေခံ၍ ရှင်ပြန်ထမြောက်သော ခရစ်တော်ကို အသက်ရှင်ရမည်ဖြစ်သည် - က၂း၉။ ဖိ၁း၂၁က။ ဗျာ၂း၇။ ၁ပေ၂း၂၄။ ၁တိ၄း၇-၈။

**II. ကျွန်ုပ်တို့သည် သခင်ဘုရား၏အလုပ်၌ ကျွန်ုပ်တို့၏ဇာတိဆိုင်ရာပင်ကိုစိတ်အားဖြင့် ကန့်သတ် မခံသင့်ပါ။ ထိုအစား ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကို၊ ကျွန်ုပ်တို့၏ပင်ကိုစိတ်ကို ဆန့်ကျင်သည့်အသက်တာအား အသက်ရှင်ရန် သင်ယူသင့်သည်။ ကျွန်ုပ်တို့၌ရှိသမျှ၊ ကျွန်ုပ်တို့မှ ထွက်လာသမျှတို့သည် သခင်ဘုရား၏အမှုတော်အထဲသို့ ယူဆောင်လာ၍ မရနိုင်ပါ - ရော၊၁း၉။ ၇း၆။ ၂ကော၊၃း၃-၆။ ၄း၅။**

A. ညီအစ်ကိုအချို့၏ ဇာတိဆိုင်ရာပင်ကိုစိတ်သည် သန့်စွမ်းသော မိမိကိုယ်ကို ယုံကြည်စိတ်ချမှုကို ထင်ဟပ်ပြသနေသည်။ သူတို့၏ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုသည် သူတို့က မိမိတို့အတွက်ကို စဉ်ဆက်မပြတ် ငြင်းပယ်ခြင်းနှင့် ရှင်ပြန်ထမြောက်သော သုံးပါးတစ်ပါးဘုရားအပေါ် မှီခိုခြင်းအားဖြင့် စွန့်လွှတ်ခြင်းရှိရမည်ဖြစ်သည် - ၁း၈-၉။

B. လူသည် ဘုရားသခင်အားဖြင့် အလင်းထွန်းလင်းခံရခြင်း နည်းပါးလေလေ၊ သူသည် ဘုရားသခင်ကို နာခံခြင်း၌ သူ့အဖို့ ပြဿနာ ရှိမည်မဟုတ်ဟု ထင်မှတ်လေလေဖြစ်သည်။ လူသည် ကျယ်လောင်စွာ အခိုင်အမာပြောဆိုခြင်းကို အလျှင်အမြန်ပြုလေလေ ၎င်းက သူသည် မည်သည့်အဖိုးအခမျှ ပေးခဲ့ဖူးခြင်းမရှိကြောင်း သက်သေပြလေလေဖြစ်သည်။ ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်မှု ရှိဟန်ဆောင်သည့်စကားပြောသူများသည် ကိုယ်တော်ထံမှ အဝေးဆုံးဖြစ်နေသူများ ဖြစ်နိုင်ပေသည် - မ၊၆း၁-၆၊ ၁၆-၁၈။ လု၊၁၈း၉-၁၄။ ဖိ၊၃း၃။

C. ညီအစ်ကိုအချို့၏ ဇာတိဆိုင်ရာပင်ကိုစိတ်သည် ပတ်ဝန်းကျင်အခြေအနေများ မပြည့်စုံခြင်း သို့မဟုတ် အခြေအနေများသည် လုံလောက်မှုမရှိခြင်း ဖြစ်သည်နှင့် အလုပ်လုပ်ရန် ငြင်းဆန်တတ်သူဖြစ်သည်။ ကျွန်ုပ်တို့ အလုပ်မလုပ်နိုင်ခင် တစ်စုံတစ်ခုသော ပတ်ဝန်းကျင်အခြေအနေကို တောင်းဆိုတတ်သည့် ဇာတိဆိုင်ရာပင်ကိုစိတ်ကို ကျွန်ုပ်တို့ ငြင်းပယ်ရမည်ဖြစ်သည် - ၁ပေ၊၄း၁။ ၁ကော၊ ၉း၂၃-၂၇။

D. ကျွန်ုပ်တို့သည် အခြေအနေအားလုံးနှင့် လိုက်လျောညီထွေဖြစ်နိုင်သည့် အသက်တာအားဖြင့် ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်ရန် လိုအပ်သည်၊ ယင်းမှာ မည်သို့သော ပြုမူဆက်ဆံမှုကို သည်းခံနိုင်သော၊ မည်သို့သော ပတ်ဝန်းကျင်ကိုမဆို လက်ခံနိုင်စွမ်းရှိသော၊ မည်သို့သောအခြေအနေ၌မဆို အလုပ်လုပ်နိုင်စွမ်းရှိသော၊ အမှုတော်ကို သယ်ဆောင်ခြင်းအတွက် မည်သို့သော အခွင့်အရေးကိုမဆို ရယူနိုင်စွမ်းရှိသောအသက်တာဖြစ်သည်။ ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌၊ နေရာတိုင်းတွင် ခရစ်တော်ကို တွေ့ကြုံခံစားခြင်း လျှို့ဝှက်ချက်ကို သင်ယူရမည်ဖြစ်သည် - ၂ကော၊၆း၁-၂။ ဖိ၊၄း၅-၉၊ ၁၁-၁၃။

E. ဇာတိဆိုင်ရာပင်ကိုစိတ်၏ ပုံစံတစ်မျိုးမှာ “သူရဲကောင်း” ပုံစံဖြစ်သည်။ ဤပုံစံက အရာခပ်သိမ်းကို အထင်ကြီးဖွယ်သော၊ စုံလင်သော၊ ပြည့်စုံသောနည်းလမ်းဖြင့် လုပ်မည်ဖြစ်သည်။ ဇာတိဆိုင်ရာပင်ကိုစိတ်၏ နောက်ထပ်ပုံစံတစ်မျိုးမှာ “သူရဲကောင်းမဟုတ်ခြင်း” ပုံစံဖြစ်သည်။ သူရဲကောင်းမဟုတ်သောသူသည် မည်သည့်အရာကိုမဆို စေ့စေ့စပ်စပ် သို့မဟုတ် ပြည့်စုံသော နည်းလမ်း၌ လုပ်ဆောင်ခြင်း မရှိပေ။

F. တာဝန်ရှိ ညီအစ်ကိုအချို့တို့သည် သူတို့၏ဇာတိဆိုင်ရာပင်ကိုစိတ်၌ အခြားသူများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းမှ တားဆီးနေသည့် ခိုင်မာသောဒြပ်သဘာဝ ရှိကြသည်။ ဤသူတို့သည် ပုံမှန်အားဖြင့် အလွန် စွမ်းဆောင်နိုင်သူများ ဖြစ်ကြပြီး၊ အသင်းတော်အသက်တာ၌ ပဋိပက္ခကို အလွယ်တကူ နှိုးဆွနိုင်ကြသည်။ သူတို့၏ပင်ကိုစိတ်သည် စိုးမိုးခြယ်လှယ်တတ်သော စိတ်သဘောထား၊ ဖိနှိပ်တတ်သောဝိညာဉ်၊ ဝေဖန်ကဲ့ရဲ့သော စကားပြောခြင်း၊ ဥပဒေအတိုင်းလိုက်လွန်းပြီး ခွင့်မလွှတ်တတ်သော ဝိညာဉ်ရှိသောသူ ဖြစ်တတ်ကြသည်။

G. အခြား တာဝန်ရှိညီအစ်ကိုများမှာမူ ဇာတိဆိုင်ရာပင်ကိုစိတ်၌ သူတို့ကို လူတိုင်းက နှစ်သက်စေရန်နှင့် မည်သူ့ကိုမျှ စိတ်အနှောင့်အယှက်မပေးလိုသောသူ ဖြစ်ကြသည်။ ဤအရာက သခင်ဘုရား၏အလုပ်၌ သူတို့၏ အရေးပါမှုကို ကန့်သတ်ထားသည်၊ အကြောင်းမှာ သခင်ဘုရားက သူတို့မှတစ်ဆင့် သန့်ရှင်းသူများကို အားပေးနှိုးဆော်ရန် သို့မဟုတ် သတိပေးရန် ရိုးသားသော သို့မဟုတ် ပွင့်လင်းသောစကားကို ပြောလိုသောအခါ၊ သူတို့ပြောမည်မဟုတ်သောကြောင့်တည်း - ညွှန်း၊ ကော၊၁း၂၇-၂၉။ ၁သက်၊ ၅း၁၂-၁၃။ ၁ကော၊၁၀း၅-၁၃။ ဟေဗြဲ၊၃း၇-၁၉။ ၁၂း၂၅။

1. ထို့အပြင် ထိုသို့သောပင်ကိုစိတ်သည် သန့်ရှင်းသူများထံသို့ ဇာတိဆိုင်ရာ ခင်တွယ်မှု၏ “ထူးခြားသောမီး”ကို ထင်ရှားဖော်ပြနိုင်ပြီး၊ ၎င်းသည် သူတို့အား အသင်းတော်၊ သန့်ရှင်းသူများနှင့် အလုပ်တို့ကို ဂရုစိုက်ရာတွင် မှန်ကန်သင့်လျော်သည့် ပိုင်း

ခြားသိမြင်မှုနှင့် မှန်ကန်သင့်လျော်သည့် ကြည့်ရှုစောင့်ထိန်းခြင်း ကင်းမဲ့လာသည့်တိုင် ဖြစ်စေသည် - ဝတ်၂း၁၁။ ၁၀း၁-၂။ စာရင်း၆း၆-၇။ ဖိ၁း၉။ ၁ပေ၂း၂၅။ ၅း၂။ ဟေဗြဲ၁၃း၁၇။

2. နာဇရိသစ္စာကတိပြုခြင်း၏ အဓိကအပိုင်းမှာ ဇာတိဆိုင်ရာ ချစ်ခင်တွယ်တာမှုမှလာသော သေခြင်းမှ မိမိကိုယ်ကို ရှောင်ရှားခြင်းဖြစ်သည် (စာရင်း၆း၆-၇)။ တစ်ဖန်၊ ဘောဇဉ်ပူဇော်သက္ကာသည်လည်း ပျားရည်မပါရခြင်းမှာ ခရစ်တော်၌ မည်သည့် ဇာတိဆိုင်ရာ ချစ်ခင်တွယ်တာမှု သို့မဟုတ် ဇာတိဆိုင်ရာကောင်းမွန်မှု မပါရှိကြောင်း ဆိုလိုသည် (ဝတ်၂း၁၁။ မ၁၂း၄၆-၅၀။ မာ၁၀း၁၈)။

H. ကျွန်ုပ်တို့အလယ်ရှိ ပုန်ကန်ခြင်းမှန်သမျှ၏ အရင်းအမြစ်မှာ လူပုဂ္ဂိုလ်များ၏ ဇာတိဆိုင်ရာပင်ကိုစိတ် ပါဝင်နေခြင်းဖြစ်သည်။ ရာထူးအတွက် ရည်မှန်းချက်ထားခြင်း (စာတန်ထံမှလာသောအရာ)သည် ကျဆင်းသောလူပုဂ္ဂိုလ်၏ ဇာတိဆိုင်ရာပင်ကိုစိတ်မှန်သမျှ၏ အခြေခံဒြပ်သဘာဝဖြစ်သည်။ သဘောထားကွဲလွဲခြင်း၏ ရင်းမြစ်သည် အတ္တတည်းဟူသော ဇာတိဆိုင်ရာပင်ကိုစိတ်ဖြစ်သည် - ဟေရှာ၁၄း၁၂-၁၃။ စာရင်း၁၂း၁-၂။ ၁၆း၁-၃။ ၁ရှမွေ၁၅း၁၀-၁၂။ မ၁၈း၁-၄။ ၂၀း၂၀-၂၈။ လု၂၂း၂၅-၂၇။ ၂ကော၁၀း၄-၅။

I. ၂ဘုရင် ၄း၈-၁၀ တွင် ရှုနင်မြို့သူမိန်းမက ဧလိရှဲကို လက်ခံခဲ့ပြီး၊ သူဖြတ်သန်းသွားသည့်အခါတိုင်း သူ့အတွက် စားစရာ ပြင်ဆင်ပေးတတ်သည့်အကြောင်းကို ဖော်ပြထားသည်။ သူသည် ဝေငှချက်တစ်ခုမျှ မပြောခဲ့သလို၊ အံ့ဖွယ်နိမိတ်လက္ခဏာလည်း တစ်ခုမျှ မပြခဲ့ပါ၊ သို့သော် ထိုမိန်းမက သူ့ကို သူ၏စားသောက်ပုံ နည်းလမ်းအားဖြင့် "ဘုရားသခင်၏ သန့်ရှင်းသောလူ"အဖြစ် ခွဲခြားသိမြင်ခဲ့သည်။ ဤသည်မှာ ဧလိရှဲက အခြားသူများကို ပေးသည့် သဘောထားဖြစ်သည်၊ သို့ဖြစ်၍ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို "အခြားသူများထံ ကျွန်ုပ်တို့မည်သည့် သဘောထားမျိုး ပေးရမည်နည်း"ဟု မေးရမည်ဖြစ်သည် - ညွှန်း၊ ၂ကော၂း၁၅။ ၅း၂၀။ ဧ၆း၂၀။

J. သခင်ဘုရားသည် ကျွန်ုပ်တို့၏ဇာတိဆိုင်ရာပင်ကိုစိတ်နှင့်အတူ ကျွန်ုပ်တို့၏ အပြင်လူကို ကျိုးပဲ့စေမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် အခြားသူများကို ထိတွေ့ဆက်ဆံသည့်အခါ ကျွန်ုပ်တို့၏ သန်စွမ်းသော အတ္တဖြင့် တင်ဆက်ပြသခြင်း ရှိတော့မည်မဟုတ်ပေ။ ထိုအစား လူများကို ထိတွေ့ဆက်ဆံသည့်အခါတိုင်း ကျွန်ုပ်တို့၏ဝိညာဉ်သည် စီးထွက်လာလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏ဇာတိဆိုင်ရာ ပင်ကိုစိတ်၏ ပြဿနာများကို ထိုးဖောက်ကျော်လွှား၍ မရနိုင်သော်လည်း၊ သခင်ဘုရားအဖို့မှာမူ ထိုသို့ပြုရန် ဖြစ်နိုင်ပါသည် - ယော၇း၃၇-၃၈။ လု၁၈း၂၄-၂၇။ ၁၉း၂။

## III. ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အပြင်လူ၊ ကျွန်ုပ်တို့၏အတ္တ၊ ကျွန်ုပ်တို့၏ဇာတိဆိုင်ရာပင်ကိုစိတ်ကို ဆက်ဆံဖြေရှင်းခြင်းမှာ ပေါင်းစည်းထားသော ဝိညာဉ်တော်၌ ကားတိုင်၏ သေစေခြင်း ဒြပ်သဘာဝအားဖြင့်၊ ဝိညာဉ်တော်ဖြစ်သော ခရစ်တော်၏ ထွန်းလင်းခြင်းအားဖြင့်၊ အသင်းတော်အသက်တာ၊ အသီးသီးခြင်း၊ သိုးသငယ်ကျွေးမွေးခြင်းအားဖြင့် ဖြစ်သည်။

A. ကျွန်ုပ်တို့၏ဇာတိဆိုင်ရာပင်ကိုစိတ်ကို ဆက်ဆံဖြေရှင်းရန်အလို့ငှာ ကျွန်ုပ်တို့သည် အတ္တကို ငြင်းပယ်ကာ၊ ကားတိုင်၏သေစေသောတန်ခိုးကို ယူဆောင်အသုံးပြုရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏အတွေ့အကြုံ၌ ကျွန်ုပ်တို့၏ဝိညာဉ်ရှိ ပေါင်းစည်းထားသော၊ အရာအားလုံးပါဝင်သော ဝိညာဉ်တော်သည် ခရစ်တော်၏ အဖိုးထိုက်သောအသေခံခြင်းနှင့် ခရစ်တော်အသေခံခြင်း၏ ချိုမြိန်ခြင်းနှင့် အကျိုးသက်ရောက်မှု ပါဝင်ကြောင်း၊ ယင်းသည် ကျွန်ုပ်တို့၏ ဇာတိဆိုင်ရာပင်ကိုစိတ်ကို သေစေနိုင်ကြောင်း ကျွန်ုပ်တို့ မြင်ကာ၊ သိနားလည်ရန် လိုအပ်သည် - ထွ၁၃၀း၂၃-၂၅။ ဖိ၁း၁၉။ ရော၈း၁၃။

1. ပေါင်းစည်းထားသော ဝိညာဉ်တော်အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့ကို အနာငြိမ်းစေရန်၊ ကျွန်ုပ်တို့ကို အသက်ဝင်လှုပ်ရှားစေရန်၊ ကျွန်ုပ်တို့အတွင်းရှိ အနုတ်လက္ခဏာအရာများအားလုံးကို သေစေရန် ကျွန်ုပ်တို့၏ဆေးဝါးဖြစ်သည်။ ကိုယ်တော်ကို ကျွန်ုပ်တို့၏ ဆေးဝါးအဖြစ် ယူဆောင်သောအခါ ကျွန်ုပ်တို့သည် "ယေရှု၏ သေစေခြင်း" သို့မဟုတ် ယေရှု၏ သတ်ဖြတ်ပေးခြင်းကို မွေ့လျော်ဝမ်းမြောက်ကြရသည် - ၂ကော၄း၁၀-၁၁။

2. ဝိညာဉ်တော်၌ ကားတိုင်၏ သေစေခြင်းဒြပ်သဘာဝ ပါရှိသည်။ ကျွန်ုပ်တို့သည် နံနက်ခင်း၌ ကျွန်ုပ်တို့အထဲသို့ ဘုရားသခင်ကို လက်ခံရရှိရန် မိမိကိုယ်ကို ငြင်းပယ်သောအခါ၊ တစ်နေ့တာလုံးတွင် သေစေခြင်းဖြစ်စဉ်သည် ကျွန်ုပ်တို့အတွင်း၌ ဆက်လက်ဖြစ်ပွားနေကြောင်း ကျွန်ုပ်တို့ အာရုံခံစားရကြသည်။

B. သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းသိမ်းကြပ်မတ်ပေးခြင်း ပန်းတိုင်မှာ ကျွန်ုပ်တို့ကို ကျိုးပဲ့သွားသောလူဖြစ်စေရန် ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၌ ကိုယ်တော်အဖို့ နည်းလမ်းမရရှိမီ၊ ကျွန်ုပ်တို့ကို လုံးလုံး မစွမ်းဆောင်နိုင်သည့်၊ လုံးလုံး အကူအညီမဲ့နေသည့် နေရာ၌ ထားရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့ဖြတ်သန်းရသည့် စုံစမ်းစစ်ဆေးခြင်းများ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အား ဘုရားသခင်ကို သိကျွမ်းစေ၍ ကိုယ်တော်သည် ထင်ရှားခြင်းရှိလာသည့် အကျိုးကျေးဇူးကို ရရှိစေသည် - ၁း၈-၉။ ၁၂း၉-၁၀။ ဟေရှာ၊၄၀း၂၈-၃၁။ ဟောရှေ၊၆း၁-၃။

1. အပြင်လူကျိုးပဲ့ခြင်းသည် ကျွန်ုပ်တို့၏ ဇာတိဆိုင်ရာပင်ကိုစိတ် ကျိုးပဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ဇာတိဆိုင်ရာပင်ကိုစိတ်သည် ကျွန်ုပ်တို့၏ဝိညာဉ် လွတ်မြောက်ခြင်းကို အခက်အခဲဖြစ်စေသည်။ ဘုရားသခင်အားဖြင့် ချိုးဖွဲ့မခံရသောသူသည် သခင်ဘုရားအလုပ်အဖို့ စိတ်ချအပ်နှံခြင်း မခံရနိုင်ပေ။ ကျွန်ုပ်တို့၏ဖြစ်ခြင်း မူလအစ၊ ကျွန်ုပ်တို့၏ဇာတိဆိုင်ရာ ပုံပန်းသွင်ပြင်နှင့် အကြိုက် အပါအဝင်တို့သည် ဘုရားသခင်နှင့် ကိုက်ညီခြင်းမရှိ၊ ဘုရားသခင်နှင့် လိုက်ဖက်ခြင်း မရှိခဲ့ပေ - ယေ၊ ၄၈း၁၁။
2. ကျွန်ုပ်တို့၏ မွေးရာပါ ဖြစ်ခြင်းမှန်သမျှ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ အသုံးဝင်သည်ဖြစ်စေ၊ အသုံးမဝင်သည်ဖြစ်စေ၊ ၎င်းသည် ဇာတိဆိုင်ရာဖြစ်ပြီး၊ သန့်ရှင်းသောဝိညာဉ်တော်က ဘုရားဆိုင်ရာအသက်ကို ကျွန်ုပ်တိုဖြစ်ခြင်းအထဲသို့ စေ့စပ်ထုံးဖွဲ့ခြင်းတွင် လုံးလုံး အတားအဆီးဖြစ်စေသည်။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့၏ဇာတိဆိုင်ရာ ခွန်အား၊ ဇာတိဆိုင်ရာဉာဏ်ပညာ၊ ဇာတိဆိုင်ရာကျွမ်းကျင်လိမ္မာမှု၊ ဇာတိဆိုင်ရာပင်ကိုစိတ်၊ ဇာတိဆိုင်ရာအားနည်းမှု၊ ဇာတိဆိုင်ရာကောင်းမြတ်ခြင်းများအပြင် ကျွန်ုပ်တို့၏အကျင့်စာရိတ္တနှင့် အလေ့အထအားလုံးတို့သည် ဖြိုချခံရမည်ဖြစ်ပြီး၊ ထိုအခါမှသာ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့သည် အသစ်သော ပင်ကိုစိတ်၊ အသစ်သော အကျင့်စာရိတ္တ၊ အသစ်သော အလေ့အထ၊ အသစ်သောကောင်းမြတ်ခြင်းများနှင့် အသစ်သောဂုဏ်အင်လက္ခဏာများဖြင့် ပုံပေါ်လာစေမည်ဖြစ်သည်။
3. ပြန်လည်စေ့စပ်ထုံးဖွဲ့ခြင်းအလုပ် ပြီးပြည့်စုံရန်အလို့ငှာ ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွင်း၌ ဘုရားဆိုင်ရာအသက်ဖြင့် ကျွန်ုပ်တို့ကို အလင်းထွန်းလင်းခြင်း၊ ဦးဆောင်ခြင်းနှင့် ပျော်ဝင်ပြည့်ဝခြင်းရှိစေရန် လှုပ်ရှားနေသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ဇာတိဆိုင်ရာဖြစ်ခြင်း၏ သွင်ပြင်အားလုံးကို ဖြိုချရန် ကျွန်ုပ်တို့အခြေအနေရှိ အသေးစိတ်မှန်သမျှ၊ ပုဂ္ဂိုလ်၊ အကြောင်းကိစ္စနှင့် အရာရာတိုင်းကို စီစဉ်ခြင်းငှာ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌လည်း လုပ်ဆောင်နေသည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ဘုရားသခင့်သားဦးဖြစ်သည့် ခရစ်တော်၏ ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူညီစေနိုင်မည်ဖြစ်သည် - ရော၊၈း၂၈-၂၉။
4. ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ အရာခပ်သိမ်းသည် ကျွန်ုပ်တို့၏ဘုရားသခင်အားဖြင့် ကျွန်ုပ်တို့ထံ တိုင်းတာပေးခဲ့ခြင်းဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ပတ်လည်ရှိ အရာခပ်သိမ်းကို စီစဉ်တော်မူသည်၊ ၎င်း၏တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ သိသာလွန်းသော၊ တုံးအသော၊ ခက်ထန်သော အစက်အပြောက်များကို ချိုးဖွဲ့ပေးရန်ဖြစ်သည် - ဆာ၊၃၉း၉။ မ၊ ၁၀း၂၉-၃၀။ လု၊၁၂း၆။
5. အပြင်လူသည် ကျိုးပဲ့ခြင်းမရှိလျှင် အတွင်းလူသည် လွတ်မြောက်လာလိမ့်မည်မဟုတ်ပါ။ မြေကြီးတန်ဆာသည် ချိုးဖဲ့ခံရမည်၊ သို့မှသာ ဘဏ္ဍာသည် ထွက်ပေါ်လာနိုင်မည် (၂ကော၊၄း၇)။ နံ့သာဆီသည် နာဒုဆီမွှေးဘူးထဲ၌ ရှိနေသရွေ့ ရနံ့သည် ထွက်ပေါ်လာနိုင်မည်မဟုတ်ပါ (ယော၊၁၂း၃)။
6. ကျိုးပဲ့ခြင်းမရှိသောသူသည် အခြားသူများကို ဝန်ခံနိုင်မည်မဟုတ်ပါ။ ခရစ်တော်ကို သူတို့၏ ဝန်ခံခြင်းအသက်တာအဖြစ် တွေ့ကြုံခံစားသောသူတို့သာ သူတို့၏ဇာတိဆိုင်ရာပင်ကိုစိတ်၏ ပုန်ကန်မှုကို သိရှိကြသည် - ဖိ၊၂း၅-၈။
7. ဝါကြွားတတ်သောသူမှန်သမျှသည် ကျိုးပဲ့ခဲ့ဖူးခြင်း မရှိပါ၊ အခြားသူများကို အပြစ်လွှဲချတတ်သူမှန်သမျှသည် ကျိုးပဲ့ခဲ့ဖူးခြင်းမရှိပါ၊ မိမိသည် ဘာမျှမဟုတ်သော်လည်း မိမိကိုယ်ကို တစ်စုံတစ်ရာဖြစ်သည်ဟု မှတ်ယူသောသူမှန်သမျှသည် ကျိုးပဲ့ခဲ့ဖူးခြင်းမရှိပါ၊ အခြားသူများနှင့် ပြိုင်ဆိုင်သောသူမှန်သမျှသည် ကျိုးပဲ့ခဲ့ဖူးခြင်း မရှိပါ - ၃း၃။ ၁ကော၊၆း၇။ ဂလ၊၅း၂၅-၂၆။ ၆း၃။

8. တစ်ခါမျှ ဖိနှိပ်ခံရခြင်း၊ နှိပ်စက်ခံရခြင်း၊ နှိမ့်ချပြောဆိုခံရခြင်း သို့မဟုတ် အခြားသူများအားဖြင့် အမှားလုပ်ခံရခြင်း မရှိဖူးသူသည် ပကတိရိုင်းသော၊ ရိုင်းစိုင်းသော၊ ဘုရားသခင်အဖို့ အသုံးမဝင်သောသူဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အားဖြင့် စေလွှတ်ခံရခြင်း၊ ဘုရားသခင်အားဖြင့် ခေါ်ခြင်းခံရခြင်း၊ ကိုယ်တော်၏အလုပ်ကို စိတ်ချအပ်နှံခံရခြင်းတို့ကြောင်း သန့်ရှင်းသူများအားလုံးက ကျွန်ုပ်တို့ကို အားကျနှစ်သက်မည်၊ လေးစားကြလိမ့်မည်ဟူသော မှားယွင်းသည့် ခံယူချက်မျိုးမထားသင့်ပေ။ ယနေ့ ကျွန်ုပ်တို့ကို လေးစားသောသူသည် နက်ဖြန်နေ့တွင် ကျွန်ုပ်တို့ကို လှောင်ပြောင်ခြင်း၊ သူ၏ခြေအောက်၌ နင်းခြေခြင်း ပြုကောင်းပြုနိုင်သည်။ ဤသည်မှာ သခင်ဘုရားကို အစေခံသောသူတစ်ဦး၏ နည်းလမ်းဖြစ်သည် - ယော၊၂း၃-၂၅။ တ၊၁၄း၁၁-၁၃၊ ၁၈-၂၁။ မာ၊၁၁း၈-၁၀။ ညွှန်း၊ ၁၅း၉-၁၅။

C. ကျွန်ုပ်တို့၏ဇာတိဆိုင်ရာပင်ကိုစိတ်မှ လွတ်မြောက်ခြင်းသည် ကြီးစွာသောအလင်းဖြစ်သည့် ခရစ်တော်၏ အတွင်းပိုင်း ထွန်းလင်းပေးခြင်းမှ လာခြင်းလည်းဖြစ်သည်။ ဤထွန်းလင်းခြင်းမှာ ဘုရားသခင်မြင်သည့်အရာကို မြင်ခြင်းဖြစ်သည် - သု၊၄း၁၈။ ၂၀း၂၇။ ဆာ၊၁၈း၂၈-၂၉။ မ၊၄း၁၆။ လု၊၁၁း၃၄-၃၆။ တ၊၉း၃-၅။ ၂၂း၆-၁၀။ ၂၆း၁၃-၁၉။ ဧ၊၅း၁၃။ ဖိ၊၂း၁၅-၁၆။

1. ခရစ်ယာန်အတွေ့အကြုံ၌ အကြီးမြတ်ဆုံးသောအရာမှာ ဘုရားဆိုင်ရာအလင်း၏ ထွန်းလင်းခြင်းမှလာသော သေစေခြင်းပင်ဖြစ်သည်။ ထွန်းလင်းခြင်းသည် ကယ်တင်ခြင်းဖြစ်ပြီး၊ မြင်ခြင်းသည် လွတ်မြောက်ခြင်းဖြစ်သည်။ သခင်ဘုရားကို ကိုယ်တော်၏ဘုန်းတော်၌ရှိခြင်း ရူပါရုံကို အမှန်ပင် မြင်သောသူမှန်သမျှသည် သူ၏မစင်ကြယ်ခြင်းနှင့်စပ်လျဉ်း၍ သူ၏ ဩတ္တပ္ပစိတ်၌ အလင်းထွန်းလင်းခံရသည် - ဟေရှာ၊၆း၁-၈။
2. သခင်ဘုရားသည် ကျွန်ုပ်တို့ကို ထုတ်ဖော်ရန်နှင့် ကျွန်ုပ်တို့ကို နှိမ့်ချရန် များစွာ အလင်းပေးတော်မူသည်။ ဤသို့သော ထွန်းလင်းခြင်းသည်သာ ကျွန်ုပ်တို့၏မာနကို ဖယ်ရှားပေးမည်၊ ဤအလင်းကသာ ကျွန်ုပ်တို့၏အသွေးအသားဆန်သော ပြုမူခြင်းများကို ရပ်တန့်စေမည်၊ ကျွန်ုပ်တို့၏ဇာတိဆိုင်ရာပင်ကိုစိတ်နှင့်အတူ အပြင်ပိုင်းအခွံကို ချိုးဖျက်ပေးမည်ဖြစ်သည်။ ဘုရားသခင်ကို ကျွန်ုပ်တို့မြင်လေလေ၊ ဘုရားသခင်ကို သိလေလေ၊ ဘုရားသခင်ကို ချစ်လေလေ၊ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ရွံရှာလေလေ၊ မိမိကိုယ်ကို ငြင်းပယ်လေလေဖြစ်သည် - ယော၊၄၂း၅-၆။ မ၊၁၆း၂၄။ လု၊၉း၂၃။ ၁၄း၂၆။
3. ကျွန်ုပ်တို့သည် မိမိတို့၏အတ္တ၊ မိမိတို့၏ဇာတိဆိုင်ရာပင်ကိုစိတ်၏ အားထုတ်မှုအားဖြင့် သဘောထားကြီးခြင်း သို့မဟုတ် စိတ်ရှည်သည်းခံခြင်းရှိရန် မကြိုးစားသင့်ပေ။ ထိုအစား ကျွန်ုပ်တို့ကိုယ်ကို ဘုရားသခင်၏အလင်းအောက်၌ ဝပ်တွားလျက် ကိုယ်တော်၏ ချိုးဖဲ့ခြင်းကို လက်ခံရန်၊ ပတ်ဝန်းကျင်သည် ကျွန်ုပ်တို့ကို ချိုးဖဲ့စေရန်နှင့် ဖြိုချစေရန် အခွင့်ပေးခြင်းငှာ သင်ယူရမည်ဖြစ်သည်။

D. ကျွန်ုပ်တို့သည် လူများကို ဂရုစိုက်ခြင်းအတွက် သခင်ဘုရား၏လက်တော်၌ အသုံးဝင်ခြင်းမရှိလျှင်၊ ၎င်းသည် ကျွန်ုပ်တို့၏ဇာတိဆိုင်ရာပင်ကိုစိတ်ကြောင့်ဖြစ်သည်။ အသင်းတော်အသက်တာ၊ အသီးသီးခြင်းနှင့် သိုးသငယ်ကျွေးမွေးခြင်းတို့သည် ကျွန်ုပ်တို့၏ ဇာတိဆိုင်ရာပင်ကိုစိတ်ကို သေစေသော အရာသုံးခုဖြစ်သည်။ ကျွန်ုပ်တို့၏ဇာတိဆိုင်ရာပင်ကိုစိတ်ကို ဆက်ဆံဖြေရှင်းရန် ကျေးဇူးတော်အဖြစ် ကိုယ်တော်ဖြင့် ဖြည့်သွင်းခံရခြင်းငှာ ဘုရားသခင်ကို ဆက်သွယ်အားဖြင့် ဘုရားသခင်ကို ချစ်ရမည်ဖြစ်ပြီး၊ လူများကို ကျေးဇူးတော်ဖြစ်သော ဘုရားသခင်ဖြင့် ဖြည့်သွင်းပေးခြင်းငှာ သူတို့ကို ဆက်သွယ်ခြင်းအားဖြင့် ချစ်ရမည်ဖြစ်သည် - ယော၊၂၁း၁၅-၁၇။ ဧ၊၃း၂။ ၄း၂၉။ ၁ပေ၊၄း၁၀။

**IV. ယောကုပ်ကို ဘုရားသခင်ဆက်ဆံဖြေရှင်းခြင်းမှာ သန့်ရှင်းသောဝိညာဉ်တော်က ဓမ္မသစ်ယုံကြည်သူများအား သူတို့၏ ဇာတိဆိုင်ရာပင်ကိုစိတ်ကို ဆက်ဆံဖြေရှင်းရန် ထိန်းသိမ်းကြပ်မတ်ခြင်းနှင့် ပုံသဏ္ဌာန်ပြောင်းလဲပေးခြင်းအလုပ်၏ ပြည့်စုံသော ရုပ်ပုံကားချပ်ဖြစ်သည်၊ သို့မှသာ ခရစ်တော်သည် သူတို့အထဲ၌ ပုံပေါ်လာမည်၊ သူတို့၌ ကြီးရင့်သည့်တိုင်အောင် အပြည့်အဝ ကြီးထွားလာမည်ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်က ကျွန်ုပ်တို့ကို ကောင်းချီးပေးခြင်းနှင့် အခြားသူများထံ ကောင်းချီးဖြစ်စေ၍ သူတို့သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းဖြင့် မစခံရခြင်းဖြစ်သည် - ရော၊၁၂း၂။ ၂ကော၊၃း၁၈။ ဟေဗြဲ၊၆း၁က။ က၊၁၂း၁-၃။ ယေဇ၊၃၄း၂၆။ စာရင်း၊၆း၂၂-၂၇။**

A. ယာကုပ်၏အသက်တာက ဇာတိလူသည် အစွဲရေးတည်းဟူသော ဘုရားသခင်၏မင်းသားဖြစ်လာရန်အလို့ငှာ ချိုးဖဲ့ခြင်းကို ဖြတ်ကျော်ရမည်ဖြစ်ကြောင်းပြသနေသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်မှတစ်ဆင့် ဘုရားသခင်က ဖြိုချပေးသည့်အရာမှာ ကျွန်ုပ်

တို့၏ တန်ဖိုးမရှိသောအတ္တ၊ ကျွန်ုပ်တို့၏ဇာတိဆိုင်ရာပင်ကိုစိတ်ဖြစ်သည်။ မည်သို့ပင်ဆိုစေ၊ ဘုရားသခင်က ကျွန်ုပ်တို့အထဲသို့ တည်ဆောက်ပေးသည့်အရာမှာ ပြိုင်ဘက်ကင်းသော၊ စွမ်းအားကြီးမားလှသော၊ အကန့်အသတ်မဲ့သော အရှင်ဖြစ်သည့် မိမိကိုယ်တော်တိုင်ဖြစ်သည် - ၁ကော၊၃း၁၂။

B. ဘုရားသခင်က ယာကုပ်သည် သူ့အသက်တာတစ်လျှောက်လုံး အားထုတ်ရုန်းကန်ခြင်းအသက်တာကို အသက်ရှင်ခြင်းငှာ ခွဲခန့်မှတ်သားခဲ့သည်။ ကိုယ်တော်သည် ယာကုပ်၏အသက်တာ၌ ပတ်ဝန်းကျင်၊ အခြေအနေ၊ ပုဂ္ဂိုလ်မှန်သမျှတို့ကို အုပ်စိုးမှုရှိစွာ စီစဉ်တော်မူခဲ့ပြီး၊ ထိုအရာများအားလုံးကို ယာကုပ်၏ကောင်းကျိုးအတွက် အတူတကွ လုပ်ဆောင်စေသည်၊ သို့မှသာ ကိုယ်တော်သည် လှည့်စားလုယူသူနှင့် ဖနောင့်ကိုင်စွဲသူဖြစ်သည့် ယာကုပ်ကို အစ္စရေးတည်းဟူသော ဘုရားသခင်၏မင်းသားအဖြစ်သို့ ပုံသဏ္ဌာန်ပြောင်းလဲပေးနိုင်မည်ဖြစ်သည် - က၊၂၅း၂၆။ ၃၂း၂၄-၃၂။

C. ယာကုပ်၏ အသက်၌ ရင့်ကျက်ခြင်း၏ အခိုင်မာဆုံး ထင်ရှားခြင်း (ပုံသဏ္ဌာန်ပြောင်းလဲခြင်း၏ နောက်ဆုံးအဆင့်) မှာ ယာကုပ်သည် လူတိုင်းကို ကောင်းချီးပေးခဲ့ခြင်းဖြစ်သည်။ သူ၏လှည့်စားလုယူတတ်သောလက်များသည် ကောင်းချီးပေးသောလက်များဖြစ်လာသည်။ ကောင်းချီးမင်္ဂလာသည် အသက်၌ရင့်ကျက်ခြင်းမှတစ်ဆင့် အခြားသူများထံ အသက်ဖြစ်သော ဘုရားသခင်၏ လျှံထွက်စီးဆင်းခြင်းဖြစ်သည် - ၄၇း၇၊ ၁၀။ ၄၈း၁၄-၁၆။ ၄၉း၁-၂၈။

© 2021 Living Stream Ministry